# COVID-19 ရောဂါ ဖြစ်ပွားကူးစက်ပျံ့နှံ့မှု မရှိစေရန် ရခိုင်ပြည်နယ်သို့ (၁၀-၈-၂၀၂၀) ရက်နေ့ နောက်ပိုင်းခရီးသွားလာမှုများရှိခဲ့ပါက မဖြစ်မနေသတင်းပေးပို့ကြပါရန် သတိပေးနှိုးဆော်ချက်

## (၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၈ ရက်)

## (လက်ကိုင်စပီကာဖြင့် ပြောကြားရန် အခြေခံအချက်များ)

(၁) ရခိုင်ပြည်နယ်အတွင်း ဒေသတွင်းကူးစက်မှုများအဖြစ် လတ်တလောတွေ့ရှိနေရသည့် (COVID-19) ရောဂါသည် အလွန်ကူးစက်မှုမြန်ဆန်သည်ကို တွေ့ရှိရပြီး ကူးစက်ခံရသူများ၏ (၇၉) ရာခိုင်နှုန်း (လူ ၁၀၀ လျှင် ၇၉ ဦး) ၌ ရောဂါလက္ခဏာ တစ်စုံတစ်ရာပြသခြင်းမရှိပါ။ ပိုးရှိသူများသည် အမြင်အားဖြင့် နေကောင်းကျန်းမာစွာရှိသော်လည်း ထိတွေ့မှုရှိသူများကို လျင်မြန်စွာ ဆက်လက်ကူးစက်နိုင်သည်ကို တွေ့ရပါသည်။

(၂) **(၁၀-၈-၂၀၂၀)ရက်နေ့** နောက်ပိုင်းရခိုင်ပြည်နယ်အတွင်းသို့ ခရီးသွားလာမှုရှိခဲ့ပါက သင်ကိုယ်တိုင် ရောဂါပိုးသယ်ဆောင်ဖြန့်ဖြူးသူ ဖြစ်နေနိုင်ပါသဖြင့် သင်ချစ်ခင်ရသော မိသားစုများနှင့် ပတ်ဝန်းကျင်ရှိ မိတ်ဆွေများထံ ဆက်လက်ရောဂါပြန့်ပွားမှု မရှိစေရန်အတွက် နီးစပ်ရာ ကျန်းမာရေးဌာနနှင့် အုပ်ချုပ်ရေးမှူးရုံးသို့ **ချက်ချင်း သတင်းမှန်ပေးပို့ပါ။**

(၃) ခရီးသွားလာခဲ့သူသင်ကိုယ်တိုင်နှင့် သင်နှင့်ထိတွေ့ခဲ့သူများတွင် ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူခက်ခဲခြင်း၊ ရုတ်တရက် အနံ့အရသာပျောက်ဆုံးခြင်း စသည့် **ရောဂါသံသယလက္ခဏာများ** ခံစားရပါက နီးစပ်ရာ ကျန်းမာရေးဌာနနှင့် အုပ်ချုပ်ရေးမှူးရုံးသို့ **ချက်ချင်း သတင်းမှန်ပေးပို့ပါ၊ စောစီးစွာ ဆေးကုသမှုခံယူပါ။**

(၄) တစ်နိုင်ငံလုံးရှိ ပြည်သူအားလုံးအနေဖြင့် (COVID-19) ရောဂါသည် ဒေသအများအပြားသို့ အရှိန်အဟုန်ဖြင့် ကူးစက်ပြန့်ပွားလာနိုင်မှုကို ထိရောက်စွာကာကွယ်ရန် အောက်ပါအချက်များကို အထူးဂရုပြု၍ အတိအကျလိုက်နာပေးပါ -

- မိမိအိမ်မှာသာ နေပါ၊
- မဖြစ်မနေ အပြင်ထွက်ရလျှင် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ၊
- တစ်ဦးနှင့်တစ်ဦး (၆) ပေ အကွာ ခပ်ခွာခွာ နေထိုင်ပြောဆိုပါ၊
- လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ အနည်းဆုံး စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျ ဆေးကြောပါ၊
- ရောဂါပိုးရှိသူအတည်ပြုလူနာနှင့် ဆက်စပ်ထိတွေ့မှုရှိသူများကို ရှာဖွေဖော်ထုတ်ခြင်းလုပ်ငန်းစဉ်များတွင် အပြည့်အဝ ပူးပေါင်းပါဝင်ပေးပါ။
- အသွားအလာကန့်သတ်ခြင်း (Quarantine) လုပ်ငန်းများကို သတင်းပို့လာသူများ၏ ခရီးသွားရာဇဝင်အပေါ် မူတည်၍ သတ်မှတ်ကာလအတွင်းသာ နေထိုင်စေရေး စီစဉ်ထားပါသဖြင့် ပူးပေါင်းကူညီပေးပါ။ ရခိုင်ပြည်နယ်အတွင်းသို့ ခရီးသွားခဲ့ခြင်းရှိသူများအားလည်း သတင်းပို့ရန် တိုက်တွန်းပေးပါ။
- ယခု နှိုးဆော်ချက်ပါ အချက်များကို သင့်မိသားစုဝင်များ၊ မိတ်ဆွေများထံ ဆက်လက်ဖြန့်ဝေပေးပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**